# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ (၂၆. ၃. ၂၀၁၈) ရက်နေ့တွင် ရွှာင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရွှာင်မြို့နယ်၊မြို့ကြီးကျေးရွာအုပ်စု၊ ကွန်းကြီးကျေးရွာ အုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို ဦးအေးမင်းစိုးက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ပထမနေ့)တွင် ကျွန်တော့် အနေနဲ့ **" ရွှာင်မြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကွန်းကြီးကျေးရွာ အုပ်စု၊ ဆည်ရွာကျေးရွာအုပ်စု များမှ မြို့ကြီးကျေးရွာ အုပ်စု၊ မြို့ကြီး ကျေးရွာအား မြို့ကြီးမြို့အဖြစ် တိုးမြင့် သတ်မှတ်ပေးရန်"** အဆိုကို တင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ရွှာင် မြို့နယ်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွင်ပါဝင်သော မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့နယ်အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း(၁၀၂၅. ၉၆)ရှိပြီး မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်(၄၈)အုပ်စု၊ ကျေးရွာပေါင်း (၁၂၅)ရွာ ဖြင့်ဖွဲ့စည်းထားကာ လူဦးရေ(၈၃၀၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ယခု အဆိုတင်သွင်း သည့် မြို့ကြီးကျေးရွာဟာ ရွှာင်မြို့၏ မြောက်ဘက်(၃၁) မိုင် (၆) ဖာလုံခန့်အကွာတွင် တည်ရှိပြီး ရွှာင်မြို့နယ်မှ တောင်ကုန်း- တောင်တန်းများအား ကျော်ဖြတ်သွားရသော ကျေးရွာတစ်ခုဖြစ်ပါ တယ်။ ၎င်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည် မြို့နယ်၊ မြစ်သားမြို့နယ် တို့၏ အစပ်တွင်တည်ရှိပြီး မြို့ကြီးကျေးရွာ၊ ကွန်းကြီးကျေးရွာ၊ ဆည်ရွာကျေးရွာတို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပါတယ်။ အုပ်ချုပ်ရေးလုပ်ငန်း၊ လုံခြုံရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရွှာင်မြို့နယ်နှင့် အလှမ်းဝေးလျက်ရှိပြီး ဌာနဆိုင်ရာ များနှင့် ဆက်သွယ်ရာတွင်လည်း အလှမ်းကွာဝေးလျက်ရှိပါတယ်။ မြို့ကြီးကျေးရွာအုပ်စု၊ ကွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာ အဆိုပါကျေးရွာ သုံးရွာအားပေါင်း၍ မြို့ကြီးမြို့အဖြစ် တိုးမြင့်ပေး မည်ဆိုပါက မြို့ကြီး၊ ကွန်းကြီး၊ ဆည်ရွာများတွင်ရှိသော ဒေသခံများ မှာလည်း ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူ လျင်မြန်လာပြီး မြို့ဖြစ်လာပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မြို့အင်္ဂါရပ်နှင့်အညီ အောက်ပါအချက်အလက်များနှင့် တင်ပြသွား မှာဖြစ်ပါတယ်-

မြို့ကြီးကျေးရွာအား မြို့အဖြစ်သတ်မှတ်သည့် ဧရိယာအတွင်း ပါဝင်သည့် ကျေးရွာအုပ်စုများမှာ မြို့ကြီးကျေးရွာအုပ်စုတွင် အုမ္ဘကျေးရွာ၊ ထန်တောကျေးရွာ၊ ချောင်းနီးဆုံကျေးရွာ၊ ကင်းသစ် ကျေးရွာ၊ ယာသီးကျေးရွာပါဝင်ပြီး ကွန်းကြီးကျေးရွာအုပ်စုတွင် ကွန်းကြီးကျေးရွာ၊မြစ်ဆုံကျေးရွာ၊ ဆည်ရွာကျေးရွာ အုပ်စုတွင် ဆည်ရွာကျေးရွာတို့ ပါဝင်ပါတယ်။ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေအနေဖြင့် မြို့ကြီးကျေးရွာအုပ်စုတွင် အိမ်ခြေ(၇၈၃)အိမ်၊ အိမ်ထောင်စု(၈၀၁)စု၊ လူဦးရေ(၃၅၀၄)ဦး၊ ကွန်းကြီးကျေးရွာ အုပ်စုတွင် အိမ်ခြေ(၅၁၁)အိမ်၊ အိမ်ထောင်စု (၅၃၃)စု၊ လူဦးရေ (၂၁၇၅)ဦး၊ ဆည်ရွာကျေးရွာအုပ်စုတွင် အိမ်ခြေ(၂၇၅)အိမ်၊ အိမ်ထောင်စု (၂၇၅)စု၊ လူဦးရေ(၁၃၅၁)ဦး၊ ကျေးရွာအုပ်စု(၃) အုပ်စု စုစုပေါင်းမှာ အိမ်ခြေ(၁၅၉၁)၊ အိမ်ထောင်စု (၁၀၆၉)စု၊

လူဦးရေ (၇၀၃၀)ကျော် နေထိုင်ကြပါတယ်။ မြို့အင်္ဂါရပ်နှင့်အညီ ဌာနဆိုင်ရာ များမှ ရဲကင်း(၁)ခု၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခု၊ မြို့ကြီးကျေးရွာတွင် အ. ထ. က ကျောင်း(၁)ကျောင်း၊ ကျွန်းကြီး ကျေးရွာတွင် အ. လ. က ကျောင်း(၁)ကျောင်း၊ ဆည်ရွာကျေးရွာတွင် အ. လ. ကကျောင်း(၁)ကျောင်း၊ အရန်မီးသတ်ရုံး(၁)ရုံး၊ မြို့နယ် စာတိုက်မှ စာတိုက်ခွဲ(၁)ခု၊ မြို့ကြီးဆည် စသည်တို့ရှိပြီးဖြစ်ပါတယ်။ အဆိုပါဌာနဆိုင်ရာများ မြို့အင်္ဂါရပ်နှင့်အညီ သတ်မှတ်လူဦးရေ အချိုးအစားတည်ရှိပြီးဖြစ်သောကြောင့် မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ကြီးကျေးရွာအုပ်စု ၎င်းကျေးရွာအုပ်စု (၃)ခုအားစုပေါင်း၍ မြို့ကြီးမြို့အဖြစ် တိုးမြှင့်ပေးမည်ဆိုပါက ဒေသခံ ပြည်သူများနှင့် အစိုးရဌာနများချိတ်ဆက်ရာတွင်ချောမွေ့စေ မည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးကိစ္စရပ်များ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသဖြင့် ဒေသခံများ ကိုယ်စား မြို့ကြီး ကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန် အဆိုကို လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး တင်သွင်းတဲ့ **"ရွာငံမြို့နယ်အတွင်းရှိ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီး ကျေးရွာအုပ်စု၊ ဆည်ရွာ ကျေးရွာ အုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"** အဆိုကို လေးလေး နက်နက်ထောက်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးအေးမင်းစိုးတင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံ သွားပါတယ်။ အဆိုမှာ **" ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီး ကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာ အုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီး ကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူမှာဖြစ် ပါတယ်။ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက်ဦးအေးမင်းစိုး တင်သွင်းသည့်အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘော တူကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး တင်သွင်းတဲ့အဆိုကို **၂၀၁၈ခုနှစ်၊ မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)**မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၈. ၃. ၂၀၁၈) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ဦးအေးမင်းစိုး ရွှာင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှာင်မြို့နယ်၊ မြို့ကြီးကျေးရွာ အုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီး ကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့စာရင်းများပေးသွင်းထားပါတယ်။

ပထမဦးစွာ ညောင်ရွှေ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက အဆိုကိုဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ဦးအေးမင်းစိုး၊ ရွှာင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသော "ရွှာင်မြို့နယ်၊ မြို့ကြီးကျေးရွာ အုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီး ကျေးရွာအုပ်စု၊ မြို့ကြီး ကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်" အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ကြီး ကျေးရွာသည် ရွှာင်မြို့နယ်နှင့်(၃၁)မိုင်ခန့် အလှမ်းကွာဝေး နေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် ဒေသခံ များသည် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုများ အင်မတန်နည်း သည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်လူမှုရေး၊ စီးပွားရေးနှောင့်နှေး နေပါတယ်။ မြို့ကြီးကျေးရွာအုပ်စုသည် သဘာဝသယံဇာတ ပေါကြွယ်သောဒေသဖြစ်သလို အလှမ်းကွာဝေးမှု များကြောင့် ထိန်းချုပ်နိုင်မှု အားနည်းတာကိုလည်း တွေ့ရှိရပါတယ်။ အကယ်၍ မြို့ဖြစ်မည်ဆိုပါက သယံဇာတ ထွက်ကုန်များကိုလည်း ထိန်းချုပ်နိုင်မည် ဖြစ်ပါတယ်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော (၉၉၂၀၉)ဧက ကိုလည်း ထိန်းသိမ်း နိုင်မည်ဖြစ်ပါတယ်။ မြို့ကြီးဆည်ကို အမှီပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးများကိုလည်း များစွာ လုပ်ကိုင်နိုင်တာ တွေ့ရှိရပါတယ်။ မြို့ကြီးကျေးရွာကို မြို့အဖြစ် သတ်မှတ်ပေးမည်ဆိုပါက အုပ်ချုပ်ရေးပိုင်းများ လွယ်ကူစွာ အုပ်ချုပ်နိုင်မည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ခရီးသွားပြည်သူ များ၏ သွားလာမှုများလွယ်ကူလာခြင်းကြောင့် စီးပွားရေး လမ်းကြောင်းများ ပွင့်လာမည်ဖြစ်ပါတယ်။ ဆည်ရှိခြင်း၊ သယံဇာတ ပေါကြွယ်ဝခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းများလည်း တိုးချဲ့ လုပ်ကိုင်နိုင်မည်ဖြစ်ပါတယ်။ လူဦးရေအနေဖြင့်လည်း (၇၀၀၀) ကျော်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ မြို့ဖြစ်မည်ဆိုပါက လူဦးရေ ထပ်မံတိုးလာမှာကိုလည်း တွေ့ရှိရပါတယ်။ အထက်မြန်မာပြည်နှင့် ထိစပ်မှုများကြောင့် မြို့ဖြစ်လာမည်ဆိုပါက ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး အလျင်အမြန်တိုးတက် လာဖွယ်ရှိသောကြောင့် ရွှာင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး တင်သွင်းသော "ရွှာင်မြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာ အား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"အဆိုအား လေးလေး နက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်မေရီရှို့က အဆိုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ဒေါ်မေရီချို့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ နှင့် လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ရွှောင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဇိုး၏ **“ရွှောင်မြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာ အုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအားမြို့ကြီးမြို့အဖြစ်သတ်မှတ်ပေးရန်”**အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ရွှောင်မြို့နယ်၊ မြို့ကြီးကျေးရွာသည် အထက်မြန်မာပြည်မြို့တော်၊ မန္တလေးတိုင်းနှင့် ထိစပ်လျက်ရှိပြီး ရွှောင်-မန္တလေး သွားကားလမ်းပေါ်တွင် တည်ရှိသောကျေးရွာဖြစ်ပါတယ်။ ၎င်းအပြင် ရန်ကုန်- မန္တလေး High- way လမ်းနှင့်လည်း (၁၂)မိုင် သာကွာဝေးပါတယ်။ မြို့ကြီးကျေးရွာသည် မြို့ကြီးဆည် တည်ရှိသည့်အတွက် ၎င်းဆည်မှ စိုက်ပျိုးရေးများကိုလည်း အဓိက ထားလုပ်ကိုင်နိုင်တာ တွေ့ရှိရသလို ဆည်မှရရှိသော လျှပ်စစ်မီး များကိုလည်း လုံလောက်စွာသုံးစွဲနိုင်သည်ကို တွေ့ရှိရပါတယ်။ ပညာရေးတွင်လည်း အ. ထ. က(၂)ကျောင်း၊ အ. လ. က(၂) ကျောင်း၊ အ. မ. က (၁)ကျောင်းနှင့် ကျေးရွာစာကြည့်တိုက်(၃)ခု တည်ရှိသည်ကို တွေ့ရှိရပါတယ်ရှင်။ ကျန်းမာရေးကဏ္ဍတွင်လည်း (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၁)ခုနှင့် တည်ရှိသည့်အပြင် ကလေးများအပန်းဖြေရန် ဥယျာဉ်၊ ကစားကွင်းမြေနေရာလည်း တည်ရှိသည်ကို တွေ့ရှိရပါတယ်။ ဌာနဆိုင်ရာများလည်း ထိုက်သင့်သလောက် တည်ရှိသည်ကို တွေ့ရှိရပါတယ်။ သို့သော် အုပ်ချုပ်ရေးနှင့် အလွန်ကွာဝေးနေသော ကြောင့် ဒေသခံပြည်သူများမှာ အခက်အခဲများစွာ ကြုံတွေ့နေရ သည်ကို တွေ့ရှိပါတယ်ရှင်။ အကယ်၍ မြို့ကြီးမြို့အဖြစ် အတည်ပြုမည်ဆိုပါက ဒေသခံပြည်သူများ ကူးသန်းရောင်းဝယ် ဖောက်ကားမှု၊ ခရီးသွားလာမှုများ လွယ်ကူမြန်ဆန်လာပြီး စီးပွားရေး၊ လူမှုရေး မြင့်မားလာသည်သာမက အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်သို့ ဆက်သွယ်ထားသော ကားလမ်းမပေါ်တွင် တည်ရှိနေသောကြောင့် ရှမ်းပြည်နယ်၏ စီးပွားရေး၊ လူမှုရေးများကိုပါ အကျိုးသက်ရောက်မှုရှိမှာ သေချာပါတယ်ရှင်။ သို့ဖြစ်ပါသောကြောင့် ရွှောင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းစိုး တင်သွင်းသည့် မြို့ကြီးကျေးရွာ၊ ကျွန်းကြီးကျေးရွာ၊ ဆည်ရွာကျေးရွာ ကျေးရွာ(၃)ရွာပေါင်း၍ မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(က)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ရွှောင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဦးအေးမင်းစိုးမှ အဆိုတင်သွင်းသည့် **“ရွှောင်မြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာ အုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်”** အဆိုကို ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တင်ပြချက်များကို Power Point ဖြင့် ဖြေကြား ခွင့်ပြုပါခင်ဗျား။

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ မြို့ကြီး ကျေးရွာအုပ်စုသည် ရွာငံမြို့၏ မြောက်ဘက် ၃၁မိုင် ၆ဖာလုံအကွာ မန္တလေး-ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်း-တောင်ကြီး ပြည်ထောင်စု လမ်းမပေါ်တွင်တည်ရှိပြီး ကျေးရွာ ၅ ရွာ ပါဝင်ဖွဲ့စည်း လျက်ရှိကာ အိမ်ခြေ ၈၈၈ ခု၊ အိမ်ထောင်စု ၈၉၉ စု၊ လူဦးရေ ၃၆၁၀ ဦး အခြေချနေထိုင်လျက်ရှိသော ကျေးရွာအုပ်စုတစ်ခုဖြစ်ပါသည်။

ကျေးရွာအုပ်စုအတွင်း အုပ်ချုပ်ရေးမှူးရုံး ၁ ရုံး၊ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ၁ ရုံ၊ လုံခြုံရေးရဲကင်း ၁ ခု၊ အခြေခံပညာ အထက်တန်းကျောင်း ၁ ကျောင်း၊ မူလတန်းကျောင်း ၁ ကျောင်း၊ ဆက်သွယ်ရေးစာတိုက်ခွဲ ၁ ခု၊ မြို့ကြီးဆည်နှင့် ထိန်းသိမ်းရေးရုံး ၁ ရုံး၊ မြို့ကြီးဆည်ရေအားလျှပ်စစ်ထုတ်လုပ်ရေးရုံး ၁ ရုံးနှင့် မြို့ကြီးတိုက်နယ်သစ်တောကင်းစခန်း ၁ ခုတို့ တည်ရှိနေပါတယ်။

မြေအသုံးချမှုအနေဖြင့် မြို့ဧရိယာသတ်မှတ်မည့် အကျယ်အဝန်း ၂၄၅ ဧက၊ စိုက်ပျိုးမြေ ၅၆၆ ဧက၊ မြေရိုင်း ၁၅၃၆ ဧက၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၂၈၀၀ ဧက၊ အခြားမြေဧရိယာ ၅၇၅၃ဧက၊ စုစုပေါင်း ၁၀၉၀၀ ဧက ရှိပါသည်။ ထို့အပြင် မြို့ကြီး ကျေးရွာအုပ်စုတွင် ဈေးအဖြစ်အသုံးပြုရန် ၂. ၅ဧက၊ ကျေးရွာ စာကြည့်တိုက်၊ ကလေးကစားကွင်းနှင့် အပန်းဖြေဥယျာဉ် နေရာ အတွက် ၁. ၅ဧက၊ အမှိုက်စွန့်ပစ်ရန်အတွက် ၂. ၅ ဧက၊ မိလ္လာစွန့် ရန်တူးမြောင်းမြေ ၂ဧက၊ သုသာန်မြေ ၂ ဧကတို့အား သတ်မှတ် ထားရှိပြီးဖြစ်ပါတယ်။

မြို့ကြီးမြို့အဖြစ် တိုးမြှင့်သတ်မှတ်ဖွဲ့စည်းမည်ဆိုပါက လုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများ ရရှိလာသည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက် လာနိုင်သည့်အပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ အုပ်စုများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး မိသားစုဝင်ငွေများ တိုးတက်ရနိုင်မည်ဖြစ်ပါတယ်။

ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စုကို မြို့ကြီးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာလွှတ်တော် ကိုယ်စား လှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ၎င်းတို့၏ သဘောထားမှတ်ချက်များ၊ ဒေသခံများ၏ သဘောထားတို့နှင့်အတူ မြို့/ရပ်ကွက်/ကျေးရွာ ပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲပြည့်စုံ စွာတည်ဆောက်၍ ခရိုင်/ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနများသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ရပါမယ်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရပ်ကွက်/ ကျေးရွာပြင်ဆင်ဖွဲ့စည်းရေး အမှုတွဲအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြား ချက်များနှင့်အညီစိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲနှင့်အတူ တင်ပြလာမှုအပေါ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အစိုးရ အဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်း၊ အမှုတွဲတို့နှင့်အတူ နိုင်ငံတော် သမ္မတရုံးသို့ ဆက်လက်အဆိုပြု တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်အနေဖြင့် ပြန်လည်ရှင်းလင်းရာမှာ ဒီအဆိုကို အတည်ပြုဖို့ သဘောတူတယ်လို့ပဲ ကျွန်တော်က မှတ်ယူရမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူ သည့်အတွက် ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး တင်သွင်းတဲ့အဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးအေးမင်းစိုး တင်သွင်းသည့်အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် ဦးအေးမင်းစိုး တင်သွင်းသည့်အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။